Towards Results in Education & English

# Classroom Stories and Solutions

## A Focus on Formative Assessment

EPISODE 3


Funded By: UKaid

This video series from TREE focuses on assessment in the classroom. We look at problems and solutions for assessing primary and secondary learners based on educational theory and practical methods teachers can try.

---

**Classroom Problem**

My students Swe Swe and Alfred love writing stories, especially adventure stories and they always read each other's. But I'm very busy and don't always have time to read their stories from start to finish and correct everything. I have too many students to look after.




**Is there a way Swe Swe and Alfred's teacher can guide them without her constant attention?**

**How can Swe Swe & Alfred keep developing their writing skills without needing the teacher to mark every word of every story?**

**Can they help each other?**

# CHILD TO CHILD LEARNING



Child to child learning, also called peer assessment, is when learners are actively involved in theirs and their peers' learning. They may, for example, use success criteria and apply standards to the work of their classmates in order to improve that work.

# WHAT ARE SUCCESS CRITERIA?

Success criteria are like a checklist of what a successful piece of work should include. They guide the learner to achieve the minimum standards of the task. The focus is not necessarily on generating grades, but rather helping identify what makes a good or not so good piece of work.



**The criteria can be written as questions or statements, for example:**


*I can write the alphabet on the lines*


Can you write the date? (Yes/No)

Implemented by: British Council, The Open University, VSO, montrose

Funded By:

The teacher can share the success criteria with the learners. The learners then work with their peers to check each other's work and give feedback based on the criteria.




Look at these example criteria for successfully drawing a map in a geography lesson.

**Can you think of some clear and simple success criteria for a task the learners do in your subject?**





**Did you draw the borders correctly?**

**Did you include all the region names?**

**Have you included a key?**

Here are some success criteria Swe Swe and Alfred can use when reading each other's stories...





Success Criteria
Stories
✓I have a title.
✓I have a problem.
✓I have a solution.
✓I have characters.
✓I have an introduction and a conclusion.
✓I have a setting.
✓I have events.
✓I use sentences.
✓I proofread for spelling, punctuation and ...

It's important to stick to the criteria and not give our personal opinions. It may take time for learners to be open to feedback. Child to child learning is about developing and improving our learners by showing them what makes good work, and getting them to invest in their and their classmates learning.

## KEY TAKEAWAYS:

- **Make sure all the criteria is fair and pitched at the right level.**
- **Encourage the students to point out both what their classmates did well and areas for improvement, using the criteria.**
- **Peer assessment - or child to child learning - is a reflective skill, which will not be developed instantly. Give your learners time to practise.**

Towards Results in Education & English

# စာသင်ခန်းတွင်းပြဿနာ တီထွင်ဆန်းသစ်အဖြေရှာ သင်ယူစဥ်စစ်ဆေးအကဲဖြတ်ခြင်းကို လေ့လာခြင်း

## အခန်း ၃

Funded By: UKaid

TREE မှ ဤဗီဒီယိုဇာတ်လမ်းတွဲသည် စာသင်ခန်းအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအကြောင်းကို အဓိကထား လေ့လာမည်ဖြစ်ပါသည်။ မူလတန်းနှင့် အလယ်တန်း ကျောင်းသူကျောင်းသားများကို စစ်ဆေးအကဲဖြတ်ရာတွင် ကြုံတွေ့ရသော ပြဿနာများနှင့် ဖြေရှင်းချက်များကို ဆရာဆရာမများ စမ်းသပ်လုပ်ဆောင်ကြည့်နိုင်မည့် ပညာရေးသဘောတရားနှင့် လက်တွေ့နည်းလမ်းများအား အခြေခံပြီး လေ့လာပါမည်။

**စာသင်ခန်းပြဿနာ**

ကျွန်မတပည့်များဖြစ်တဲ့ ဆွေဆွေနဲ့ အဲဖရက်တို့က ပုံပြင်ရေးရတာကြိုက်ကြပါတယ်။ အထူးသဖြင့် စွန့်စားခန်း ပုံပြင်ကြိုက်ကြပြီး တစ်ဦး ပုံပြင်ကိုတစ်ဦးကဖတ်ကြပါတယ်။ဒါပေမယ့် ကျွန်မက အလွန် အလုပ်များပြီး သူတို့ပုံပြင် အစ အဆုံးဖတ်ချိန်လည်းမရ၊ အမှားအားလုံးကိုပြင်ဖို့ လည်း အချိန်မရပါဘူး။ ကလေးအများကြီးကို ကြည့်နေရပါတယ်။




**ဆွေဆွေနဲ့ အဲဖရက်တို့ကို ဆရာမက တစ်ချိန်လုံး ဂရုစိုက်နေဖို့ မလိုဘဲ လမ်းညွှန်လို့ရတဲ့ နည်းများရှိပါသလား။**

**ပုံပြင်တိုင်းစကားလုံးတိုင်းကို ဆရာမက အမှတ်မပေးဘဲ ဆွေဆွေနဲ့ အဲဖရက်တို့ အရေးကျွမ်းကျင်မှုကို ဘယ်လို ဆက်တိုးတက်အောင် လုပ်ရပါမလဲ။**

**သူတို့အချင်းချင်း ကူညီနိုင်ပါ့မလား။**

# ကလေးအချင်းချင်း သင်ကြားခြင်း



<u>အချင်းချင်းစစ်ဆေးအကဲဖြတ်ခြင်း</u>ဟုလည်း ခေါ်ဆိုသည့် ကလေးအချင်းချင်း သင်ကြားခြင်းမှာ မိမိ၏သင်ယူမှုအတွက်သော်လည်းကောင်း၊ အခြား ကလေး များ၏ သင်ယူမှုအတွက်သော်လည်းကောင်း၊ သင်ယူသူများ <u>တက်တက်ကြွကြွ ပါဝင်ခြင်း</u>ဖြစ်သည်။ ဥပမာ - <u>အောင်မြင်မှုအတွက် စံသတ်မှတ်ချက်များသုံးခြင်း</u>၊ အတန်းဖော်လုပ်ထားသည်များကို <u>ပိုမိုကောင်းမွန်အောင် စံနှုန်းများဖြင့် ယှဥ်ကြည့်ခြင်းများ</u> ပြုနိုင်ပါသည်။



## အောင်မြင်မှုအတွက် စံသတ်မှတ်ချက်များ ဟူသည်မှာ

## အဘယ်နည်း





အောင်မြင်မှုအတွက် စံသတ်မှတ်ချက်များဟူသည်မှာ အောင်မြင်သော လုပ်ဆောင်ချက်တွင် မည်သည်တို့ပါဝင်ကြောင်း တိုက်ဆိုင်စစ်ဆေးသည့် စာရင်းနှင့် ဆင်တူပါသည်။ ယင်းစံသတ်မှတ်ချက်များသည် သင်ယူသူအား မိမိ၏လုပ်ဆောင်ချက်သည် အနိမ့်ဆုံးစံနှုန်းများကို ပြည့်မီနိုင်စေရန် လမ်းညွှန် ပေးပါသည်။ အမှတ်ပေးရန် အဓိကမဟုတ်ဘဲ လုပ်ဆောင်ချက်သည် အဘယ်ကြောင့် ကောင်းမကောင်း ဖော်ထုတ်ရန် အထောက်အကူပေးပါသည်။

**စံသတ်မှတ်ချက်များကို မေးခွန်း သို့မဟုတ် အဆို အနေဖြင့် ရေးသားနိုင်ပါသည်။ ဥပမာ**



အက္ခရာများကို မျဥ်းကြောင်းအပေါ်တွင် ရေးနိုင်ပါသည်။

ရက်စွဲ ရေးတတ်ပါသလား။
ရေးတတ်သည်/မရေးတတ်ပါ။

Implemented by: British Council, The Open University, VSO, montrose

Towards Results in Education & English

Funded By: UKaid







အောင်မြင်မှုအတွက် စံသတ်မှတ်ချက်များကို ဆရာမက ကလေးတို့ကိုပေးလိုက်ပါသည်။ ထို့နောက် ကလေးတို့က စံသတ်မှတ်ချက်များ အပေါ်အခြေခံလျက် အချင်းချင်းစစ်ဆေးပြီး သုံးသပ်ချက်များပေးကြပါသည်။

# ပြန်လည်သုံးသပ်ခြင်း

ပထဝီသင်ခန်းစာတွင် မြေပုံကိုအောင်အောင်မြင်မြင် ဆွဲရေးအတွက် အောက်ပါ စံသတ်မှတ်ချက် နမူနာများကိုကြည့်ပါ။


**<u>မိမိသင်</u>ကြား<u>သည့်ဘာသာရပ်</u>တွင် သင်ယူသူတို့၏လုပ်ဆောင်ချက်အတွက် အောင်မြင်မှု အတွက် ရိုး<u>ရှင်းသည့်</u> စံသတ်မှတ်ချက်အချို့ စဉ်းစားပါ။**




**-နယ်နိမိတ်ကိုမှန်ကန်စွာ ဆွဲထားပါသလား။**

**-ဒေသအမည်များ အားလုံးကို ထည့်သွင်းထားပါသလား။**

**-မြေပုံအညွှန်း ထည့်ထားပါသလား။**




တစ်ဦး၏ပုံပြင်ကို တစ်ဦးကဖတ်ရာတွင် အောက်ပါတို့သည် ဆွေဆွေနှင့်အဲဖရက်တို့ သုံးနိုင်သည့် အောင်မြင်မှုအတွက် စံသတ်မှတ်ချက် အချို့ဖြစ်ပါသည်။




မိမိ၏ <u>ထင်မြင်ချက်များကိုမပေးဘဲစံသတ်မှတ်ချက်များကို တစ်သွေမ တိမ်း</u> လိုက်နာရန် အရေးကြီးပါသည်။ သုံးသပ်မှုကိုလက်ခံရန် သင်ယူသူတို့ အချိန်ယူကောင်းယူရပါမည်။ ကလေးအချင်းချင်းသင်ကြားခြင်းသည် ကလေးများအား ကောင်းမွန်သည့်လုပ်ဆောင်ချက်အတွက် လိုအပ်ချက်များကို ပြသခြင်း၊ မိမိနှင့် မိမိ၏အတန်းဖော်များ၏ သင်ယူမှုအတွက် ကလေးများအား <u>ရင်းနှီးမြုပ်နှံစေ</u>ခြင်းဖြင့် ကလေးများ ဖွံ့ဖြိုး<u>တိုးတက်လာစေရေး</u>ပင်ဖြစ်ပါသည်။

## အဓိကမှတ်သားဖွယ်များ

- စံသတ်မှတ်ချက်အားလုံး သင့်တော်မျှတပြီးသင်ယူသူများ၏ အဆင့်နှင့် ကိုက်ညီပါစေ။
- စံသတ်မှတ်ချက်များသုံးပြီး သင်ယူသူတို့ မိမိတို့၏အတန်းဖော်များ အောင်မြင်စွာ လုပ်ဆောင်နိုင်သည့်အရာ၊ ပိုမိုကောင်းမွန်ရန် လိုအပ် သေးသည့်အပိုင်းတို့ကို ညွှန်ပြကြပါစေ။
- အချင်းချင်း စစ်ဆေးအကဲဖြတ်ခြင်း သို့မဟုတ် ကလေးအချင်းချင်း သင်ကြားခြင်းသည် ပြန်လည်သုံးသပ်မှုအတွက် ကျွမ်းကျင်မှုတစ်ခု ဖြစ်ပြီး ဖွံ့ဖြိုးရန် အချိန်ယူရပါသည်။ ကလေးတို့ လေ့ကျင့်ရန် အချိန်ပေးပါ။

Implemented by: BRITISH COUNCIL, The Open University, VSO, montrose